ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
အတွဲ(၂)၊ အမှတ်(၂)၊ ဇန်နဝါရီ ၂၀၁၈
Burma Monitor

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၁၃ရက်နေ့မှ ၂၈ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်းစုစည်းချက်များဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင် နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေးရက်စွဲစဉ်မှတ်တမ်းများနှင့် လအလိုက်သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

---

## လက်နက်ကိုင်ပဋိပက္ခ

- **ရှမ်း**

ဇန်နဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် နောင်စံဖူးကျေးရွာအတွင်း၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS နှင့် မြန်မာ့တပ်မတော်တို့ ကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲကြောင့် ဒေသခံအမျိုးသားတစ်ဦး ကျည်ဆန်ထိမှန်ခဲ့သည်။ (Marnagar News )

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ကိုက်တိုင်ကျေး ရွာအနီးနှင့် ကျောက်မဲမြို့နယ် တောဖယ်ကျေးရွာနှင့် ကြက်သေ (ကိုက်တိုင်)ကျေးရွာအကြားတို့၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားရခြင်းနှင့် ပတ်သက်ပြီး RCSS ဘက်မှ မြေမြှုပ်မိုင်းနှင့် တိုက်မိုင်းများ ရှင်းလင်းနေသော ၎င်းတို့တပ်ဖွဲ့ကို TNLA ဘက်မှ တိုက်ခိုက်ခဲ့သည်ဟု ပြောဆိုခဲ့ပြီး၊ နယ်မြေကျူးကျော်ထိုးစစ်ဆင်ခြင်းကြောင့် နစ်ဖက် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ရသည်ဟု TNLA သတင်းပြန်ကြားရေးမှ သတင်းထုတ်ပြန်ခဲ့သည်။(7day) (Taifreedom) (TNLA) (TNLA) (Mizzima) (Mizzima) (RFA) (TheLadies) (Taifreedom) (Taifreedom) (TNLA) (TNLA) (Mizzima) (Mizzima) (RFA) (TheLadies)

ဇန်နဝါရီလ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်နှင့် ကျောက်မဲမြို့နယ် နယ်စပ် တောဖယ်ကျေးရွာနှင့် ကြက်သေ (ကိုက်တိုင်) ကျေးရွာအကြား၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း ၂၅၆နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS တပ်ဖွဲ့တို့ နံနက် ၀၉း၀၀ နာရီမှ ၁၀း၄၀ နာရီအထိ တစ်ကြိမ်၊ ၁၁း၄၀ နာရီမှ ၁၂း၃၀ နာရီချိန်ထိ တိုက်ပွဲ နှစ်ကြိမ်ဖြစ်ခဲ့သည်။ (TNLA) (TheLadies)

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းငေါ့မြို့နား၌ ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS/SSA) နှင့် မြန်မာ့တပ်မတော်တို့ ထိတွေ့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲကြောင့် RCSS ဘက်မှ ၂ ဦး သေဆုံး ခဲ့သည်။ (Mizzima) (Military)

- **ကချင်**

ဇန်နဝါရီလ ၂၁ရက်နေ့တွင် ရှထိုးဇွပ် (Shahtu Zup) ကျေးရွာ၌ ညနေမှ နောက် တရက် မနက် အထိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်ဟု ဒေသခံ တဦးမှ ပြောခဲ့သည်။ ထို့အပြင် ရွာအခြေစိုက် ရှမ်းနီ ပြည်သူ့စစ်များလည်း ရွာအတွင်း ဝင်ရောက် ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း အဆိုပါဒေသခံမှ ပြောခဲ့သည်။ ထို့အပြင် တပ်မတော်နှင့် KIA တို့သည် လီဒိုလမ်းမပေါ်ရှိ တိန်ကောက်ကျေးရွာ၌လည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲကြောင့် ကျေးရွာရှိ စာသင်ကြောင်းများ ပိတ်ထားခဲ့ရသည်။ (KachinNews) (NMG) (KachinNews)

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တနိုင်းဒေသအတွင်းရှိ ရှဒူးဇွပ်ကျေးရွာအနီး၌ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု ဒေသခံများမှ ပြောဆိုခဲ့သည်။ (NMG) (Popular) (Popular)

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ် အနောက်ဘက် လီဒိုလမ်းမပေါ် ရှထိုးဇွပ် (Shahtu Zup) ကျေးရွာ တိန်းကောက် (Ting Kawk) ကျေးရွာ နှင့် နမ့်ဘရုတ် (Nam Hpyek) တို့တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် ဒေသခံများ စိုးရိမ်နေကြရသည်ဟု ဒေသခံရွာသားတဦးမှ ပြောဆိုခဲ့သည်။ (KachinWaves)

ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တနိုင်းမြို့နယ်ရှိ ပယင်းမော်၊ ရွှေမော် များရှိရာ Nambyu (နမ်ဘရူ)၊ Nam Hkam (နမ်ခမ်) ကျေးရွာများဘက်တွင် မြန်မာ့တပ်မတော်ဘက်မှ တိုက်လေယာဉ် လေးစီးဖြင့် သုံးကြိမ် ဗုံးကြဲပစ်ခတ်ခဲ့သည်။ အဆိုပါ ဗုံးကြဲပစ်ခတ်ခဲ့ခြင်းကြောင့် ပယင်းတူးဖော်သူ နှစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ (KachinNews) (NMG) (NAB) (VOA) (BBC) (Popular) (7day)

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လိုင်ဇာအနီး မှုန်လိုင်ခက် (Mung Lai Hkyet)၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီးဖြင့် ခြောက်ကြိမ်ခန့် ပစ်ခတ်ခဲ့ကြောင်း KIA မှ ဗိုလ်မှူးကြီး နော်ဘူက ပြောခဲ့သည်။ (KachinWave)

- **ကရင်**

ဇန်နဝါရီလ ၂၄ရက်နေ့တွင် ဖားအံမြို့နယ်၊ နောင်ကမြိုင်ကျေးရွာတွင် ဇန်နဝါရီ ၂၃ ရက်နေ့က ကရင်ပြည်နယ် ရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့ (BGF) တို့၏ ပူးပေါင်းအဖွဲ့နှင့် ကရင်ငြိမ်းချမ်းရေးကောင်စီ-KNU/KNLA(PC) မှ တပ်ဖွဲ့ဝင်အချို့ ကြားအပြန်အလှန်ပစ်ခတ်မှု ကြောင့် နစ်ဖက်ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ (KIC)

---

## လူ့အခွင့်အရေးချိုးဖောက်မှု

- **ရှမ်း**

ဇန်နဝါရီလ ၁၄ ရက် ည ၂၁း၀၀ နာရီ ခန့်တွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်၊ ကျောက်ဖြူလေးကျေးရွာအုပ်စု ကိုက်တိုင် (ကြက်သေ) ကျေးရွာရှိ လူနေအိမ် ၃ လုံးအား မြန်မာ့တပ်မတော် စကခ (၁) လက်အောက်ခံ ခမရ (၅၀၄) သီပေါ အခြေစိုက်မှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဟု တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)သတင်းပြန်ကြားရေးမှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA)

ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၏ အမှတ်(၄၃၄) တပ်ရင်းမှ တပ်သားများသည် မိုင်းငေါ့မြို့နယ်ခွဲ ချိုးဟောင်းကျေးရွာမှတဆင့် ဟင်ဝိုးကျေးရွာတွင်းသို့ သွားရောက်ကာ ဟင်ဝိုးကျေးရွာ ဥက္ကဋ္ဌ လုံးလုဆွေအား *သျှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့၏ လှုပ်ရှားသွားလာမှုနှင့် ပတ်သက်၍ ၄င်းတို့ TNLA တပ်ဖွဲ့ထံ အကြောင်းကြားခြင်းမရှိသောကြောင့်* ဟုဆိုကာ လုံးလုဆွေအား ဖမ်းဆီးရိုက်နှက်ခြင်း သေနတ်ဖြင့်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း RCSS ပိုင် သတင်းဌာန ဖြစ်သော Taifreedom သတင်းဌာနမှ ဖော်ပြခဲ့သည်။ (Taifreedom) (Military)

ဇန်နဝါရီ ၂၃ ရက် မနက် ၈ နာရီဝန်းကျင်တွင် မြောက်ဦးဖြစ်စဉ် ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရပြီး စစ်တွေ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည့် လူနာ ၈ ဦးအား ရဲအရာရှိများမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ (DVB) (MyanmarTime) (7Day) (BBC)

သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၏ အစိုးရစစ်တပ်က သျှမ်ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖျက်မှုနှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်အား ဇန်နဝါရီလ ၂၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (Taifreedom)

- **ရခိုင်**

"ရခိုင်နိုင်ငံတော် အချုပ်အခြာ ကျဆုံးခြင်း အထိမ်းအမှတ်" ဟောပြောပွဲကို အာဏာပိုင်များက ပိတ်ပင်တားဆီးခဲ့သဖြင့် ဇန်နဝါရီလ (၁၆)ရက်၊ ည (၁၀)နာရီ (၄၅)မိနစ်တွင် ရခိုင်ပြည်၊ မြောက်ဦးမြို့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအကြားပဋိပက္ခဖြစ်ပွားခဲ့သည်။ ပဋိပက္ခအတွင်း သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် လူ ၇ ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာ ရရှိခဲ့သည်။(Irrawaddy) (Mizzima)(FrontierMyanmar)(BBC) (RFA) (VOA) (DVB) (BBC) (Mizzima)(BBC) (FrontierMyanmar)(The Ladies) (The Ladies) (Myanmar Time) (Popular) (Popular)

---

## စစ်ဘေးရှောင်

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် Nhtan Zup (အင်ထန်ဇွပ်) ကျေးရွာအနီး တစ်ဝိုက်၌ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ ပြန်လည်ဖြစ်ပွားလာသည့် အတွက် ဒေသခံ ရွာသား ၇၀၀ ကျော်သည် ဇန်နဝါရီ ၁၉ ရက်နေ့မှ စတင်ပြီး ဦးတည်ရာမဲ့ တောထဲ ထွက်ပြေးနေခဲ့ရကြောင်း ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ ပြောဆိုခဲ့သည်။ (KachinNews) (Kachinwaves)

ဇန်နဂါရီလ ၂၂ ရက် က အင်ဒွပ်ယာန်၊ အင်ထန်းဇွပ်နှင့် လော့ဒ်မိုင်ယာန်စသည့် စစ်ရှောင်စခန်းများအနီးသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် စစ်ဘေးရှောင်တစ်ထောင်ခန့် ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်ဘေးရှောင်များသည် လက်ရှိ၌ တောအတွင်းပစ်ခတ်မှုများနှင့် ဝေးသည့်နေရာတွင် ရှိနေသည်ဟုသာသိထားပြီး ၎င်းတို့ ရောက်နေသည့်နေရာကို အတိအကျ မသိရှိရသေးပါဟု ဖာသာဖင်းဆင့် ရှန်လွန်းက ပြောဆိုခဲ့သည်။(VOA) (NMG) (KachinNews) (KachinNews)(KachinWaves)

ဇန်နဝါရီ ၂၃ ရက်နေ့အထိ တိမ်းရှောင်နေရသည့် အင်ဒွပ်ယာန် ကျေးရွာမှာ နေထိုင်နေသည့် စစ်ဘေးရှောင် ဒုက္ခသည်များ တောတောင်တွေထဲပုန်းခိုနေရခြင်းနှင့် ပတ်သက်၍ ကချင်ကက်သလစ် အသင်းတော်က ဖာသာဖင့်ဆင့်ရှန်လွတ်မှ **" ရွာကိုစွန့်ပြီးတော့မှ ရွာရဲ့ ချောင်းနှစ်ဘက် အထက်ဘက်မှာရှိတဲ့ အင်ဒွပ်ယာန်ဆိုတဲ့ ကမ့် (စခန်း)ထဲမှာ နေကြရတာ ဖြစ်တယ်။ အခုတိုက်ပွဲတွေ လွန်ခဲ့တဲ့ အပတ်ထဲကနေ ပြန်ဖြစ်လာတဲ့အတွက် တပ်မတော်ကနေ လက်နက်ကြီးတွေ ပြန်ပစ်တဲ့အတွက် ကမ့် ထဲမှာနေလို့ မရတော့ဘဲ ကမ့် ထက် လုံခြုံတဲ့နေရာကို သွားနေနေရတယ်။ အားလုံး အိမ်ထောင်စု ၄၆၀ ယောကျာ်း၊ မိန်းမ အားလုံးပေါင်း ၉၄၉ ယောက်ထိ မနေ့ကထိ သတင်းရပါတယ်။ ဒီနေ့မနက်ထိ သတင်းရတာက တိုက်ပွဲတွေဖြစ်နေတုန်းပဲ။ သတင်းရပါတယ်။** "ဟု ပြောခဲ့သည်။(VOA)

၂၀၁၇ ဒီဇင်ဘာလမှစတင်ပြီး မြန်မာ့တပ်မတော်၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ ၏ အပြန်အလှန်ထိတွေ့တိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်ခဲ့ရသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ်အနီးတွင်ရှိသော ကျေးရွာများမှ စစ်ဘေးရှောင်ဒေသခံ ၉၀၀ ကျော်တို့သည် ဇန်နဝါရီလ ၂၅ ရက်နေ့မှ စတင်ပြီး နေရပ်ပြန်မည်ဖြစ်ပြီး ၄၀၀ ကျော်တို့သည် နေရပ်တည်ငြိမ်မှု မရှိသေးသဖြင့် ဆက်လက်ခိုလှုံနေမည် ဖြစ်သည်။ စစ်ဘေးရှောင်များ နေရပ်ပြန်နိုင်ရန် ကျောက်မဲမြို့ရှိ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့မှ ကားများစီစဉ်ပေးသည်ဟု စစ်ဘေးရှောင်ဒေသခံများမှ ပြောခဲ့သည်။ (NMG) (Marganar)

## မြေမြှုပ်မိုင်း

ဇန်နဂါရီ ၁၄ရက်နေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ပြင်ဦးလွင်-မိုးကုတ်သွားကားလမ်း၌ လားရှိုးမှ မိုးမိတ်သို့ ထွက်ခွာလာသော ခရီးသည်တင် ကားတစ်စီးသည် နောင်ချိုမြို့နယ်၊ ဒိုးပင်ကျေးရွာ၏အနောက်မြောက်ဘက် ၃ မိုင်ခန့် အကွာတွင် ရီမုမိုင်း ၁ လုံး ပေါက်ကွဲခဲ့သဖြင့်ခရီးသည်များဖြစ်သည့် မနွယ်နွယ်မြင့်၊ မဇင်မာနွယ်နှင့် မောင်ရာဂျား တို့ မိုင်းစ ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။(Military)

ဇန်နဝရီလ ၁၄ ရက်၊ နံနက် ၉ နာရီခန့်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့၊ အရှေ့ဘက် ၄ မိုင်ခန့် အကွာတွင် အသက် ၃၅ နှစ်အရွယ် ဦးခေါ်ယိန်းမှ လိမ္မော်ခြံအား ရှင်းလင်းရန် လှည့်လည်နေစဉ် မိုင်းတစ်လုံးအား နင်းမိပြီး ပေါက်ကွဲခဲ့သည်ဟု ပြည်ထဲရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ (Mizzima)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေ ၆ နာရီတွင် ဇော်ဦး၊ (၃၈)နှစ်သည် တနိုင်းမြို့နယ် မိုင်းခွန်ရွာသစ်၏ အနောက်တောင်ဘက် ၂ မိုင်ကျော်ခန့်အကွာတွင် တိုက်မိုင်းအား တိုက်မိပေါက်ကွဲရာမှ မိုင်းစထိမှန်၍ ပေါက်ပြဲဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ၆ နာရီ ၁၅ မိနစ်တွင် ရဲမြင့် (၂၇)နှစ်သည် လည်းကောင်း၊ ည ၁၀ နာရီတွင် မောင်လားမီဂူ (၃၀)နှစ်တို့သည် လည်းကောင်း မိုင်းပေါက်ကွဲခြင်းများကြောင့် ဒဏ်ရာများ ရရှိခဲ့ကြောင်း ပြည်ထဲရေးဂန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ (TheLadies)

ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ဦးဂမ်အောင်(၃၆)နှစ်သည် တနိုင်းမြို့ အရှေ့ဘက် ၇ မိုင်ခန့် အကွာ နွှမ်တောင်အင်းသို့ ငါးရှာရန် သွားရောက်စဉ် စွမ်တော လယ်စပ် လူသွားလမ်း၌ တိုက်မိုင်းအား တိုက်မိ ပေါက်ကွဲခဲ့ရာ ဝဲခြေမျက်စေ့အောက် ပြတ်ထွက်၊ ဝဲပေါင်ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် နေ့လည် ၁၂ နာရီ ၄၀ မိနစ်ခန့်တွင် တနိုင်း ဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့သည်။ (TheLadies) (Military)

ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့၊ အေးသုခ ရပ်ကွက်နေ မောင်ကျော်စိန်သည် မိုင်ခွန်ပယင်းမှော်၌ ပယင်းတူးဖော်ရန် ထွက်ခွာလာရာအရှေ့တောင်ဘက် မီတာ ၅၀၀ ခန့်အကွာသို့ အရောက်၌ တိုက်မှိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

ဇန်နဝါရီ ၂၅ ရက် ညပိုင်းတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာနေ ဦးသန်းစိုး(ဘ)ဦးရွှေဝင်း သည် ကျေးရွာ၏ အရှေ့တောင်ဘက် ၈ မိုင်ခန့်အကွာရှိ လယ်တောသို့ သွားရောက်စဉ် တိုက်မိုင်းတစ်လုံးအား တိုက်မိ ပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကာ ဆားမှော်ပြည်သူ့ ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူခဲ့ရသည်။ (Military) (TheLadies)

## တွေ့ဆုံဆွေးနွေးမှု

ဇန်နဝါရီ ၁၄ ရက်နေ့ ညတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့၌ ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အပါအဝင် အစိုးရအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန တာဝန်ရှိသူများနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) ထိပ်ပိုင်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲတွင် NCA ရေးထိုး ရန် အစိုးရဘက်မှ တိုက်တွန်းခဲ့ပြီး NSCN-K အဖွဲ့မှ စဉ်းစားဦးမည်ဟု တုံ့ပြန်ခဲ့ကြောင်း နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီး အဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းမှ ပြောခဲ့သည်။ ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့် တပ်မတော်အရာရှိကြီးများသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖွင့်လှစ်ပေးရန် နန်းယွန်းမြို့သို့ ရောက်ရှိနေသော်လည်း ဆွေးနွေးပွဲတွင် ပါဝင်ခြင်းမရှိဟု ဦးကေဆိုင်းမှ ပြောခဲ့သည်။ (7Day)

ဇန်နဝါရီ ၁၅ ရက်နေ့တွင် နေပြည်တော်၌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်း အောင်လှိုင်နှင့် ပအိုဝ်းငြိမ်းချမ်း ရေး အဖွဲ့ (PNO) အသွင်ပြောင်း ပြည်သူ့စစ် (ဌာန)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံမှုတွင် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်ခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက် ကြပြီး ပအိုးဝ်ငြိမ်းချမ်းရေးအဖွဲ့(PNO)အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အတူ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (7Day) (Military)

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တရုတ်-မြန်မာ နယ်စပ်တနေရာ၌ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ( RCSS/SSA)ဘက်မှ ဒု ဗိုလ်မှူးကြီးစိုင်းဦး ဦးဆောင်သည့် အဖွဲ့ဝင်ကိုယ်စားလှယ် ၅ ဦး နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော်(PSLF/TNLA) ဘက်က တားအိုက်မောင်း၊ တားပန်လ၊ တကလူး ဦးဆောင်ပြီး အဖွဲ့ဝင် ၅ ဦး ပါဝင်သည့် ကိုယ်စားလှယ်များ တွေ့ဆုံခဲ့ပြီး နှစ်ဘက် အပစ်အခတ် ရပ်ရန်နှင့် ပဋိပက္ခများကို အဖြေရှာရန်အတွက် နှစ်ဖက်ခေါင်းဆောင်များ ဆက်လက်တွေ့ဆုံ ဆွေးနွေးရန် သဘောတူခဲ့သည်။ (PangLong) (NMG) (Marganar)

ဇန်နဂါရီ ၂၃ရက်နေ့တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မွန်ပြည်သစ်ပါတီ NMSP အဖွဲ့ ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တပ်ပေါင်းစုဘက်မှ အဆိုပြုထားသော အချက် ၈ ချက်ကိုလည်း NCA နှင့်အတူ တပါတည်း ရေးထိုးသွားရန် ဆုံးဖြတ်ထားကြောင်း NMSP ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဝင်းလှ မှပြောခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် NMSP နှင့် LDU တို့မှ မကြာခင် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း စာတစောင်ကို ပူးတွဲထုတ်ပြန် ကြေညာခဲ့သည်။(Military) (Irrawaddy)(Eleven) (MonNews) (7Day) (PopularNews) (DVB) (MOI) (BBC) (7Day)

## အစည်းအဝေးများ

- **UNFC**

ဇန်နဝါရီ၁၃ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ခွန်ပူခမ် (Khumphucome) ဟိုတယ်၌ NCA အပစ်ရပ် ၈ ဖွဲ့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အလုပ်အဖွဲ့ PPWT နှင့် UNFC ခေါင်းဆောင်များမှ NCA လက်မှတ်ရေးထိုးရေးဆိုင်ရာ အစည်းအဝေး တစ်ခုပြုလုပ်ခဲ့သည်။ အစည်းအဝေးအဖွင့်မိန့်ခွန်းတွင် UNFC ဥက္ကဋ္ဌနိုင်ဟံသာမှ NCA တွင် ပါဝင်လက်မှတ်ထိုးသင့်ကြောင်း တိုက်တွန်းခဲ့သည်။ ထို့ပြင် အပစ်ရပ်အဖွဲ့၊ အပစ်မရပ် အဖွဲ့အစည်းနှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့အစည်း ၇ ဖွဲ့တို့နှင့်လည်း ဆက်စပ်မှု ရယူ၍ နိုင်ငံရေးတိုက်ပွဲတွင် ပန်းတိုင်တစ်ခုဖြင့် ရပ်တည်သွားကြရန်နှင့် အားလုံး နားလည်မှု တည်ဆောက်၍ ဆက်စပ်မှု ပိုမိုရယူရေး လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။ **"ဘာကြောင့် UNFC ကို PPST က NCA လက်မှတ်ထိုးသင့်တယ်ဆိုတဲ့အကြောင်းကို ရှင်းပြတဲ့အခါ လက်မှတ်ထိုးပြီးရင် အဖွဲ့တွေများလာမယ်။ အတွင်းစည်းကနေပြီးတော့ ညီညွတ်မှုကို တည်ဆောက်ပြီး ကြိုးပမ်းခြင်းအားဖြင့် အကျိုးရှိနိုင်တယ်လို့ ကျွန်တော်တို့ကမြင်တယ်။ အဲဒီ အပေါ်မှာ UNFC ကို PPSTအနေ နဲ့ လက်မှတ်ထိုးသင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်တာဖြစ် တယ်လို့ အဲဒီလိုရှင်းပြတယ်"** ဟု PPST အဖွဲ့ဝင်ALP ရခိုင်လွတ်မြောက်ရေးပါတီ ဒုဥက္ကဋ္ဌ ၁ ခိုင်စိုးနိုင်အောင် မှ ပြောသည်။ အစည်းအဝေးသို့ UNFC ဥက္ကဋ္ဌ နိုင်ဟံသာ နှင့် အတွင်းရေးမှူး ၂ ဗိုလ်မှူးကြီး ဆော်လမွန် တို့ဦးဆောင်သော အဖွဲ့ဝင် ၇ ဦး တက်ရောက်ခဲ့ပြီး NCAအပစ်ရပ် ၈ဖွဲ့မှ ALP ဒုဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ABSDF ဥက္ကဋ္ဌ ရဲဘော် သံခဲ နှင့် KNU ဒုဥက္ကဋ္ဌ ပဒို စောကွယ်ထူးဝင်း ဦးဆောင်သော အဖွဲ့ဝင် ၈ ဦး တက်ရောက်ခဲ့သည်။ (NMG) (7Day) (Mizzima)

- **FPNCC**

ဇန်နဝါရီ ၁၀ရက်နေ့မှ ၁၄ရက်နေ့ထိ ရှမ်းပြည်နယ် ပန်ဆန်းတွင် ကျင်းပသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP/UWSA ဗဟိုအစည်းအဝေးတွင် ဥက္ကဋ္ဌပေါက်ယုချမ်း၊ ဒုဥက္ကဋ္ဌ ရှောက်မင်လျံ တို့အပြင် ဒု ဥက္ကဋ္ဌ ၂ ကျောက်ကော်အန်းနှင့် ဒုဥက္ကဋ္ဌ ၃ ပေါက်ယိုလျံ ( ဥက္ကဋ္ဌကြီး ပေါက်ယုချမ်း၏ညီ) တို့ ၂ ဦး အားတိုးချဲ့ခန့်အပ်ခဲ့သည်။ (Shan News) (NMG) (7Day)

- **NCA- EAOs**

ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) ဌာနချုပ်တည်ရှိရာ ရှမ်းပြည်နယ် မောက်မယ် မြို့နယ် ကဒူးကြီးဒေသ၌ PNLO ၏ ဒုတိယအကြိမ်ညီလာခံကို ကျင်းပခဲ့သည်။ ညီလာခံနောက်ဆုံးရက်တွင် အဖွဲ့တွင်း ခေါင်းဆောင်မှု ကို မဲပေးရွေးချယ်ရာ စစ်ဦးစီးချုပ်နှင့် ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခွန်သူရိန်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး ဥက္ကဋ္ဌ ခွန်မြင့်ထွန်းကို ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ဒုတိယဗိုလ်မှူးကြီး ခွန်အောင်မန်း၊ တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် ခွန်ထွန်းတင်၊ တွဲဖက်အတွင်းရေးမှူး(၂)အဖြစ် ယခင်အထွေထွေ အတွင်းရေးမှူး ခွန်သောမတ်ကိုလည်းကောင်း ရွေးချယ်ခဲ့သည်။ အဆိုပါညီလာခံသို့ ရဟန်းသံဃာတော်များ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့ရှိ ပအိုဝ်းအမျိုးသားဒေသများမှ ကိုယ်စားလှယ်များ နယ်စပ်ဒေသများမှ လူထုကိုယ်စားလှယ်များ အရံဗဟိုကော်မတီဝင်များနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLA) မှ တပ်ဗိုလ် တပ်မှူးများ၊ အထူးဖိတ်ကြားသူများ၊ မဟာမိတ်အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ပအိုဝ်းလူထုအခြေပြုမှ လေ့လာသူများအပါအဝင် စုစုပေါင်း (၂၂၃) ဦး တက်ရောက်ခဲ့သည်။ (NCA-EAO) (7Day) (Mizzima)

ဇန်နဝါရီ ၂၃ ရက်နေ့တွင် KNU ဌာနချုပ် လော်ခီးလာဒေသ၌ ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ဗဟိုအမြဲတမ်းကော်မတီအရေးပေါ်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ ၂၁ ရာစု ပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေး ဆိုင်းငံ့ရသည့်အခြေအနေသို့ ရောက်ခဲ့ရသည့် NCA ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဗဟိုအမြဲတမ်းကော်မတီ အစည်းအဝေး ခေါ်ယူခြင်းဖြစ်သည်။ (7Day)

- **UPC**

ဇန်နဂါရီလကုန်ပိုင်းတွင် ၂၁ ရာစုပင်လုံတတိယအစည်းအဂေးကို ကျင်းပရန် အစိုးရ၊ တပ်မတော်နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ထိုးအဖွဲ့များမှ ထိပ်သီးခေါင်းဆောင် များ တက်ရောက်သည့် NCA အကောင်အထည် ဖော်မှုဆိုင်ရာညှိနှိုင်း အစည်းအဂေးမှ ဆုံးဖြတ်ထားသော်လည်း အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ အဆင်ပြေစွာကျင်းပခွင့်မရဘဲ တားဆီးခံရ၍ ညီလာခံ ရက်ရွှေ့ဆိုင်းရမည်ဟု ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးလည်းပြောခဲ့သည်။ (7Day)

- **JMC**

ဇန်နဝါရီ ၁၇ ရက် မှစတင်ခဲ့ပြီး ၁၉ ရက်အထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။(JMC) (NCA-EAO) (TheLadies)
ဇန်နဝါရီ ၂၄ ရက်တွင် ပဲခူးတိုင်း၊ တောင်ငူမြို့၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ပဲခူး) ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (ပဲခူး) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပြင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၂) နှင့် နည်းပညာ အထောက်အကူပြု ရုံးအဖွဲ့ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။(JMC)

- **CSSU**

သျှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) ၏ နှစ်ပတ်လည်အစည်းအဝေးကိုRCSS/SSA ဌာနချုပ် သျှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့နယ် လွယ်တိုင်းလျှန်းတောင်၌ လာမည့်လဆန်းပိုင်းတွင် ကျင်းပရန်စီစဉ်ထားပြီး၊ အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်း လုပ်ငန်းဆောင်တာများကိုပြန်လည်သုံးသပ်ခြင်း၊ လာမည့်နှစ်အတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆွေးနွေးသွားမည်ဟု CSSU အတွင်းရေးမှူးများအဖွဲ့ဝင် စဝ်ပင်ခမ်းက ပြောဆိုခဲ့သည်။ (PangLong)

---

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

- **CSOs**

ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တောင်ပေါ်တန်းရှိ သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်း၌ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မွန်တိုင်းရင်းသား တစ်ပါတီထဲ ဖြစ်စေရန်အတွက် မွန်လူထုလူတန်းစားပေါင်းစုံ ပါဝင်သော မွန်နိုင်ငံရေး ညီလာခံကို ပြုလုပ်ခဲ့သည်။ ညီလာခံသို့ မွန် သံဃာတော်များ၊ မွန်ပြည်သစ်ပါတီ၊ မွန်နိုင်ငံရေးအစုအဖွဲ့များ၊ မွန်နိုင်ငံရေးခေါင်းဆောင်များ၊ မွန်လူငယ်၊ မွန်အမျိုးသမီး အဖွဲ့များ၊ မွန်လူမှု အခြေပြုအဖွဲ့အစည်းများ၊ စာပေယဉ်ကျေးမှုအဖွဲ့၊ ရာမညအင်အားစု အဖွဲ့များ အပါအဝင် စုစုပေါင်း ၈၀၀ ကျော် တက်ရောက် ဆွေးနွေးခဲ့သည်။ သို့သော် မွန်ပြည်နယ် အခြေစိုက် နိုင်ငံရေးပါတီ ၂ ခုဖြစ်သည့် မွန်အမျိုးသားပါတီ(MNP) နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေ စီပါတီ(AMDP) တို့မှ ညီလာခံသို့ တက်ရောက်ခြင်းမရှိခဲ့ပါ။ (Irrawaddy) (Mizzima) (Irrawaddy)

ဇန်နဝါရီလ ၁၈ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ တိုင်းရင်းသား လူမျိုးများ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ် ကျင်းပခဲ့သည်။ အဆိုပါ ဖိုရမ်သို့ ပြည်ထောင်စု ဝန်ကြီးများ ဒုဝန်ကြီးများ ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်တွင် လက်မှတ်ရေး ထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ NGO၊ INGO အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံ တကာ မိတ်ဖက် အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပ သတင်း မီဒီယာများ တက်ရောက်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှလည်း သဝဏ်လွှာပေးပို့ခဲ့သည်။ (Irrawaddy) (MOI)

၂၀၁၈ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကချင်နှစ် ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၏ စေတနာ့ ဝန်ထမ်း ဆရာမ နှစ်ဦးဖြစ်သော ဆရာမ ခေါ်နန်နှစ်စင် နှင့် ဆရာမ ရန်လုရာ တို့ ရှမ်းပြည်နယ်မြောက်ပိုင်း ကောင်းခါးကျေးရွာ KBC ကျောင်းဝင်းအတွင်း၌ အဓမ္မပြုကျင့် အသတ်ခံရခြင်း ခံရသည့် သုံးနှစ်မြောက်ပြည့်ခဲ့ပြီး အဆိုပါနေ့တွင် ကောင်းခါးရွာနှင့် ဂျော်ဘွမ်ဆုတောင်းတောင်တို့၌ ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အောက်မေ့ဖွယ်ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။ (7day)

- **JMC**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (တနင်္သာရီ) အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်သို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တွေ့ဆုံပွဲသို့ အိန္ဒရာဇာကျေးရွာနှင့် ယင်းကျေးရွာ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူလူထု စုစုပေါင်း (၅၅၀) ဦး ခန့် တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီလ ၁၉ရက်နေ့တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ၁၄ ကြိမ် မြောက်ပြုလုပ်ခဲ့သည့် JMC-U အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး၊ အဆိုပါ သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာ့တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် များအကြား ယုံကြည်မှု မလုံလောက်သေး၍ မိုင်းရှင်းလင်းရေးမလုပ်နိုင်ခြင်းဖြစ်သည်ဟု JMC-U အတွင်းရေးမှူး (၁) ဒေါက်တာ ရွှေခါးမှ ပြောဆိုခဲ့သည်။ ထို့ပြင် လူထုတွေ့ဆုံပွဲ ဟန့်တားမှုများနှင့်ပတ်သတ်၍လည်း မေးမြန်းဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။ (Mizzima) (7day) (TaiFreedom)

ဇန်နဝါရီလ ၂၂ ရက်နေ့မှ စတင်ခဲ့ပြီး ၂၃ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S)တွင် ပါဝင်သည့် နစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များမှ တပ်မှူးများအတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ (JMC-U) အဖွဲ့ဝင်အချို့နှင့် နှစ်ဘက် လက်နက်ကိုင် တပ်ဖွဲ့များ၏ တပ်မှူးများ၊ နည်းပညာအထောက်အကူပြုရုံး ဝန်ထမ်းများ စုစုပေါင်း (၆၀) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC) (Military)

ဇန်နဝါရီလ ၂၂ ရက်နေ့မှ စတင်ခဲ့ပြီး ၂၃ ရက်နေ့အထိ ပဲခူးတိုင်း၊ တောင်ငူမြို့၌ ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ပဲခူး) က စီစဉ်ကျင်းပသည့် နှစ်ဖက်တပ်မှူးများအတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ JMC-U၊ JMC-S (ပဲခူး) အဖွဲ့ဝင်များ၊ နှစ်ဘက်လက်နက်ကိုင် တပ်မှူးများ၊ နည်းပညာအထောက်အကူပြုရုံးမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း (၇၂) ဦး တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီ ၂၂ ရက်တွင် မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များသည် ဘီးလင်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းတာဝန်များ အကြောင်းကို ပြောဆိုဆွေးနွေးခဲ့သည်။ JMC-S (မွန်) နှင့် ဘီးလင်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲသို့ ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြား အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း (၈၀) ဦးခန့် တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ပဲခူး) က စီစဉ်ကျင်းပသည့် နှစ်ဘက်တပ်မှူးများအတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုပြုလုပ်ခဲ့သည်။အလုပ်ရုံဆွေးနွေးပွဲသို့ JMC-U၊ JMC-S (ပဲခူး) အဖွဲ့ဝင်များ၊ နှစ်ဘက်လက်နက်ကိုင် တပ်မှူးများ၊ နည်းပညာအထောက်အကူပြုရုံးမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း (၇၂) ဦး တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီလ ၂၅ ရက်နေ့မှ စတင်ခဲ့ပြီး ၂၆ ရက်နေ့အထိ မွန်ပြည်နယ် သထုံမြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဖွဲ့ဝင် နှစ်ဘက်လက်နက်ကိုင် တပ်ဖွဲ့များမှ တပ်မှူးများအား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုသိရှိ နားလည်စေရန်အတွက် JMC အလုပ်ရုံဆွေးနွေးပွဲအား ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ JMC-S (မွန်) အဖွဲ့ဝင်များ၊ နှစ်ဘက်လက်နက်ကိုင် တပ်ဖွဲ့များမှ တပ်မှူးများ၊ နည်းပညာအထောက်အကူပြုရုံး တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း (၄၀) ကျော် တက်ရောက်ခဲ့သည်။ (JMC) (Military) (Military)

## အရပ်ဘက်စစ်ဘက်ဆက်ဆံရေး

ဇန်နဝါရီ ၁၆ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသား စီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်မှ ကာကွယ်ရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်များတွင် စစ်ဆင်ရေး အသုံးစရိတ် အဖြစ် ကျပ်သန်း ၂,၀၀၀ ကျော် (၂၁၁၁မ၁၀၇ ဘီလီယံ)ကို ထည့်သွင်းတောင်းခံခဲ့သည်။ (7Day)

ဇန်နဝါရီ ၁၆ရက်နေ့ နံနက်ပိုင်းတွင်နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အထက်မြန်မာပြည် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ပေါလ်ဂရောင် ဦးဆောင်သည့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကက်သလစ်ဆရာတော်များ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးကိစ္စများနှင့် စစ်ဘေးရှောင်းဒုက္ခသည်များ အရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး အထက်မြန်မာပြည် ကက်သလစ် ဂိုဏ်းအုပ်ဆရာတော်နှင့်အတူ လားရှိုးမြို့ကက်သလစ်ဂိုဏ်းအုပ် ဆရာတော် ဖီးလစ်ဇဟောင်း၊ မြစ်ကြီးနားမြို့ ကက်သလစ် သာသနာပိုင်ဆရာတော် ဖရန်စစ်ဒေါ်တန်၊ ဗန်းမော်မြို့ကက်သလစ်သာသနာပိုင်ဆရာတော် ရေမွန်ဆွမ်လွတ်ဂမ်တို့ တက်ရောက်ခဲ့သည်။(Mizzima)(Military)

ကချင်ပြည်နယ် မန်စီမြို့နယ် မိုင်းခေါင်ဒုက္ခသည်စခန်းမှ ရွာသား ၃ ဦး အသတ်ခံရမှုဖြင့် ခမရ ၃၁၉ စခန်းမှ တပ်မတော်သား ၆ ဦးကို ဇန်နဝါရီလ ၁၉ ရက်နေ့က တပ်မတော် စစ်ခုံရုံးတွင် ထောင်ဒဏ် ၁၀ နှစ် အမိန့်ချမှတ်ခဲ့သည်။ (Mizzima) (RFA) (VOA) (Irrawaddy) (7day) (NMG)

ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အဖွဲ့ ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး အသတ်ခံရခြင်းနှင့်ပတ်သက်၍ ရှုတ်ချကြောင်း ဆန္ဒပြခဲ့သည့် လူငယ်ငါးဦးအပေါ် တရားစွဲဆိုခြင်းနှင့်ပတ်သက်ပြီး လွိုင်ကော်မြို့၌ ထပ်မံဆန္ဒပြခဲ့သည့် ဦးဆောင်သူသုံးဦးကို ရဲတပ်ဖွဲ့က ငြိမ်းချမ်းစွာ စီတန်းလှည့်လည်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် တရားစွဲထားရာ ဇန်နဝါရီ ၁၉ ရက်တွင် တရားရုံးချိန်း ခေါ်ခဲ့သည်။ (7day) (BBC) (7day)

ညီညွတ်သော တိုင်းရင်သားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်ဖြစ်သည့် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) သည် ၎င်းတို့၏ တပ်သားသုံးဦး အသတ်ခံရသည့် ကိစ္စကြောင့် လတ်တလော အခြေအနေတွင် NCA ကို လက်မှတ်မထိုးနိုင်ဟု KNPP မှ အတွင်းရေးမှူး (၂) ခူဒယ်နီရယ်မှ ပြောခဲ့သည်။(TheLadies) (BBC)

---

## သဘောထားထုတ်ပြန်ချက်

ဇန်နဂါရီလ ၁၃ ရက်နေ့က ကျင်းပသည့် ကချင်နိုင်ငံရေးပါတီများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေးကော်မတီ KPCC ၏ ပါတီပေါင်းစည်း ရေးဆိုင်ရာ အထူးအစည်းအဝေးတွင် ကချင်ပြည်နယ်ရှိ ကချင်နိုင်ငံရေးပါတီများဖြစ်ကြသည့်ကချင်ဒီမိုကရက်တစ်ပါတီ (KDP) ၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) နှင့် ကချင်အမျိုးသားကွန်ဂရက် (KNC) ပါတီတို့သည် အတူတကွပေါင်းစည်းကာ ကချင် နိုင်ငံရေး ပါတီကြီး တစ်ရပ် ပူးပေါင်းထူထောင်သွားမည်ဟု ဆုံးဖြတ်လိုက်ကြောင်း ပါတီသုံးခုမှ ပူးတွဲထုတ်ပြန်ခဲ့သည်။ (NMG ) (7Day) (Mizzima) (Irrawaddy)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရ ချမှတ်ထားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး လမ်းပြမြေပုံ (၇) ချက်ကို ထောက်ခံသည်ဟု ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA) မှ ဇန်နဝါရီ၁၄ရက်စွဲဖြင့် ကြေငြာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ ကြေငြာချက်တွင် ငြိမ်းချမ်းရေးတည်ဆောက်စဉ် ၅ နှစ်တာကာလအတွင်း တိုက်ပွဲ ပေါင်းအကြိမ် ၅၀၀ ထိုးစစ်ဆင်တိုက်ခိုက်ခံရကြောင်းနှင့် သျှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA အဖွဲ့ဝင် ၄၀ ကျော် ဖမ်းဆီးထိန်းသိမ်း ခံထားရကြောင်း ပါခဲ့သည်။ (Mizzima) (Shan News)

ဇန်နဝါရီ ၁၁ ရက်နေ့မှ ၁၄ရက်နေ့ အထိ ပြုလုပ်ခဲ့သော ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ၏ ဒုတိယအကြိမ် ညီလာခံအပြီးတွင် ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (NCA-EAO)

ဇန်နဝါရီ၁၅ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ -၂၁ ရာစုပင်လုံ ဆက်လက်ကျင်းပနိုင်ရေး အလေးအနက် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ထိုးထားသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (7Day)

ဇန်နဂါရီလ (၁၆)ရက်နေ့တွင် မြောက်ဦးမြို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သတ်၍ ရခိုင်ပြည် အမျိုးသားကောင်စီ (ANC) မှ ဇန်နဝါရီလ ၁၇ ရက်နေ့ ရက်စွဲဖြင့် ကြေညာ ချက်ထုတ်ပြန်ခဲ့သည်။ (ANC) (ArakanArmy)
ဇန်နဂါရီလ (၁၆)ရက်နေ့တွင် မြောက်ဦးမြို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သတ်၍ ရက္ခိုင်အမျိုးသား အဖွဲ့ချုပ် (ULA) မှ ဇန်နဝါရီလ ၁၇ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (TheArakanArmy) (NAB) (FPNCC) (Irrawaddy)

ကရင်နီအမျိုးသားတိုး တက်ရေးပါတီ(KNPP) အဖွဲ့ဝင် သုံးဦးနှင့် အရပ်သားတစ်ဦး သတ်ဖြတ်ခံရခြင်းနှင့်ပတ်သက်၍ လွိုင် ကော်မြို့ပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့သူများအား ဖမ်းဆီးအရေးယူထားခြင်းမှ ပြန်လည်လွှတ်ပေးရန် တိုက်တွန်းကြောင်း ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) က ဇန်နဂါရီ ၂၀ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (7day)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ NCA လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်ပြီး ဇန်နဝါရီလ ၂၄ရက်နေ့တွင် ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (UNFC)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်အတွင်းက ကျောက်မဲ-သီပေါ ပြည်ထောင်စုကားလမ်းမပေါ်မှာ ခရီးသွား ပြည်သူတွေဆီမှ ငွေကြေးကောက်ခံနေသည့် ရှမ်းပြည်ပြန်လည ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဝင်များအား တပ်မတော် စစ်ကြောင်းက ရှင်းလင်းခဲ့သည့်တွက် တစ်ဦး သေဆုံးခဲ့သည်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက ဇန်နဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ (RFA) (Military) (TheLadies)

ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) သည် ပြီးခဲ့သည့် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့် (PSLF/TNLA) နှစ်ဘက် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ခြင်းအား ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (Marganar) (RFA) (Mizzima) (PangLong) (NMG)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ဇန်နဝါရီလ ၂၇ ရက်နေ့ ရက်စွဲဖြင့် သဝဏ်လွှာ ပေးပို့ခဲ့သည်။ (StOffice)

---

## ထူးခြားဖြစ်စဉ်

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ရက်နေ့တွင် ကျရောက်သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး / တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (PSLF/TNLA) ၏ " ၅၅ " နှစ်ပြည့် တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၇ ခုနှစ်အတွင်း ဖမ်းဆီးမိသည့် စစ်သုံ့ပန်း (၈)ဦး အား မိဘရပ်ထံပြန်လွှတ်ပေးခဲ့သည်ဟု (PSLF/TNLA) သတင်းနှင့်ပြန်ကြားရေးဌာနတွင် ဖော်ပြခဲ့သည်။ (TNLA)

ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် အပစ်ရပ် (၈) ဖွဲ့မှ အဖွဲ့ဝင် ၅ ဦးပါဝင်သော ထိပ်သီးခေါင်းဆောင်များအနေဖြင့် ၂၁ ရာစုပင်လုံ ညီလာခံ ကျင်းပနိုင်ရေးအပြင် NCA အကောင်အထည် ဖော်ဆောင်သည့်နေရာတွင် တစ်စိုနေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော် အကြီးအကဲများနှင့် အလွတ်သဘော တွေ့ဆုံရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ "" **လူထုနဲ့တွေ့ဆုံဆွေးနွေးပွဲ (အကြို) တွေကိုလုပ်ဆောင်တဲ့နေရာမှာ အစိုးရဘက်ကခွင့်ပြုပေမယ့်လည်း တပ်မတော်ပိုင်းမှာ ပိတ်ပင်မှုရှိတဲ့အတွက် အခက်အခဲရှိပါတယ်၊ဒီဥစ္စာကို ကျော်လွှားနိုင်ဖို့အတွက် အစိုးရနှင့် တပ်မတော် နှစ်ဖက်စလုံးက သဘောတူညီမှု ရှိဖို့ လိုအပ်တဲ့ အတွက်ကြောင့် ကျနော်တို့တွေဖို့ သဘောတူထားတယ်။ ဆုံးဖြတ်ထားတယ်။ အမြန် ဆုံးလည်းတွေ့နိုင်ဖို့ ကျနော်တို့ ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်**"ဟု ကရင်မျိုးသား အစည်းအရုံး KNU ဒု-ဥက္ကဌ ပဒို စောကွယ်ထူးဝင်း မှ ဇန်နဝါရီ ၁၃ရက်နေ့တွင် ပြောဆိုခဲ့သည်။ (NMG) (Mizzima)

ဇန်နဝါရီလ ၁၄ ရက်နေ့က ပြုလုပ်ခဲ့သော မွန်နိုင်ငံရေး ညီလာခံတွင် ကိုယ်စားလှယ်များမှ မွန်တိုင်းရင်းသား အားလုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီသစ် တခု တည်ထောင်ရန် သဘော တူညီခဲ့ကြပြီး၊ နိုင်ငံရေးပါတီသစ်၏ ဖွဲ့စည်း ပုံ ရေးဆွဲရန်အတွက် အဖွဲ့ ဝင် ၂၁ ဦးပါသော ပါတီ ဖွဲ့စည်းရေး ကော်မတီတခုကို ဇန်နဝါရီ ၁၄ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ (Irrawaddy)

ဇန်နဝါရီ ၁၅ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသော ကယားပြည်နယ်နေ့ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိမှ ကယားပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး သေဆုံးမှုကိစ္စ အမှန်တရားပေါ်ပေါက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှ ကြိုးစားနေကြောင်း ပြောခဲ့သည်။ ထို့ပြင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှလည်း KNPP တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်ပိုင်းဆိုင်ရာကိစ္စကို အရပ်ဘက်မှ စစ်ဆေးမရ၍ တပ်မတော်၏ စုံစမ်းစစ်ဆေးမှုကို စောင့်ကြည့်စေချင်သည်ဟု ဆိုသည်။ (7Day)

ဇန်နဂါရီလ ၁၇ ရက်နေ့၊ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်း၌ ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော ပဋိပက္ခအကြောင်းအား ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထဲရေးဂန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြန်ကြားရေးဂန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဂန်ကြီးဌာနဂန်ကြီး ဦးသောင်းထွန်း၊ လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဂန်ကြီးဌာနဂန်ကြီး ဒေါက်တာဂင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရခိုင်ဝန်ကြီးချုပ် ဦးညီပု၊ သမ္မတရုံး ဒုတိယဂန်ကြီး ဦးမင်းသူ၊ နယ်စပ်ရေးရာ ဒုတိယဂန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဒုတိယဂန်ကြီး ဦးခင်မောင်တင်၊ ပြန်ကြားရေး ဒုတိယဂန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အောင်ဂင်းဦးနှင့် တာဂန်ရှိသူများ တက်ခဲ့သည်။ (TheLadies) (Popular)

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကို နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ပုဒ်မ ၁၂၂ ဖြင့်ဖမ်းဆီးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံမှ ခွင့်ပြုချက်ရရှိပြီဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြောခဲ့သည်။ (Frontier) (Popular) (Mizzima)

ဇန်နဝါရီလ ၁၈ ရက်နေ့ နေ့လည် ၁၂ နာရီ မိနစ် ၃၀ အချိန်တွင် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးအေးမောင်ကို နိုင်ငံတော် သစ္စာဖောက်ဖျက်မှု ဥပဒေပုဒ်မ ၁၂၁ (ခ) နှင့် ပုဒ်မ ၁၇ (၁) တို့ အပါအဝင် ပုဒ်မ (၃) ခုဖြင့် ၎င်း၏ နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ (Mizzima) (Mizzima) (mmtime) (RFA)

ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခွဲခန့်တွင်ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်ကမြိုင်ကျေးရွာရှိ KNU/KNLA (PC) အဖွဲ့မှ ဦးစော ချစ်ချို၏ နေအိမ်၌ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာမှတာဝန်ရှိသူများသွားရောက်ဖမ်းဆီးရာ ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ ဖမ်းဆီးရာတွင် KNU/KNLA (PC) အဖွဲ့မှ ဦးစောချစ်ချို ဦးစီး အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၃ ဦးတို့အား အမ် ၁၆ သေနတ် ၃ လက်၊ ၎င်းကျည်အိမ် ၂၄ ခု၊ ၅ ဒသမ ၅၆ ကျည် ၂၉၂ တောင့်၊ AR-15 သေနတ် ၁ လက်၊ ၄၀ မမပုံးပစ် လောင်ချာ ၁ လက်၊ ဗုံးသီး ၂၄ လုံး၊ ပွိုင့်-၂၂ ပြောင်းရှည်သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ၎င်းကျည် ၅ တောင့်၊ ပွိုင့်-၃၀ ကာဘိုင်ကျည်အိမ် ၇ ခု၊ ၎င်းကျည် ၁၂၇ တောင့်နှင့် WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၀ ပြား(ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၈၀ ကျော်ခန့်) တို့နှင့်အတူ ဖမ်းဆီးရမိသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့ သည်။ (Military)

ဇန်နဝါရီ ၂၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ် တရားရုံးမှ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP တပ်ဖွဲ့ဝင်တွေနှင့် အရပ်သားတစ်ဦး အသတ်ခံရတဲ့ကိစ္စအပေါ် ဦးဆောင်ဆန္ဒပြခဲ့သူတွေကို ဝန်းရံခဲ့သည့်အတွက် ငြိမ်းစုစီဉပဒေပုဒ်မ ၁၉ နှင့် တရားစွဲခံထားရသည့် ကယန်းအမျိုးသားပါတီ ဥက္ကဌ ခွန်းဘီဒူး၊ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ ဥက္ကဌ ခူးတူရယ် နှင့် ကယန်းမျိုးဆက်သစ်လူငယ် ဗဟိုကော်မတီဝင် ခွန်းအသန်းတို့ ၃ဦးအား ရဲမှ အမှုရုတ်သိမ်းခဲ့သည်။ (RFA) (Kantaraewaddy) (PopularNews)(7Day)(Popular) (The Ladies) (Irrawaddy)

ဇန်နဝါရီ ၂၃ရက် မနက်ပိုင်းတွင် အင်းစိန်မြောက်ပိုင်းခရိုင် တရားရုံးတွင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ နှင့် တရားစွဲဆို ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့အမှုကို ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံးမှာစစ်ဆေးရာတွင် တရားလိုဖြစ်သူ ဒုတိယရဲမှူးကြီး ယုနိုင် ကို စတင်စစ်ဆေးခဲ့သည်။ ဒုတိယရဲမှူးကြီး ယုနိုင်၏ ထွက်ဆိုချက်တွင် သတင်းထောက်၂ဦးနှင့်အတူဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးကိုအရေးယူ ဆောင်ရွက်ထားခြင်း မသိရှိသေးကြောင်းထွက်ဆိုခဲ့သည်။ (DVB) (RFA) (PopularNews) (PopularNews) (7Day)

ဇန်နဝါရီလ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ အမှတ်(၃)ရပ်ကွက်နှင့် ကြူဖန်ကျေးရွာအနီး၌ (ကိုးကန့် ) MNDAA တပ်ဖွဲ့မှ ကုန်းကြမ်းမြို့နယ်၊ ဆုံကန် ကျေးရွာနေ လော်ကွေ့ချန်နှင့် လောက်ကိုင်မြို့နယ်၊ ဟုံတိုလင်ကျေးရွာနေ ရန်ကော်ချန်းတို့အား ဖမ်းဆီးရမိသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC ထုတ်ပြန်ချက်ထုတ်ပြန်မည်ကို ပြန်ကြားရေးတာဝန်ခံဖြစ်သူ နိုင်အောင်မငေး ကြိုတင်သိရှိထားခြင်း မရှိကြောင်း ၎င်း၏ကိုယ်ပိုင် Facebook အကောင့်မှ မွန်သတင်းအေဂျင်စီ သို့ပေးပို့ခဲ့သည်။ (MonNews)

မြောက်ဦးအရေးကိစ္စတွင် ဖမ်းဆီးခံထားရသူများနှင့် တရားစွဲခံထားရသူများအား ဥပဒေပိုင်းဆိုင်ရာ အကူအညီပေး နိုင်ရန် ရခိုင်အမျိုးသား ပါတီ (ANP) မှ ရှေ့နေခြောက် ဦးပါဝင်သည့် ဥပဒေအထောက် အကူပြု ကော်မတီ တစ်ရပ်ကို ဇန်နဂါရီ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ (7day)

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင်များ ဖြစ်ကြသော မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီတို့ မကြာခင် NCA လက်မှတ်ရေးထိုးမည်ဟု သတင်းထွက်ပေါ်နေသော်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၏ အတွင်းရေးမှူး (၂) ခူးဒယ်နီယာယ်မှ လက်တလော၌ လက်မှတ်ထိုး နိုင်သေးမည်မဟုတ်ဟု ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြောခဲ့သည်။ ( kantarawaddy)

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး နေရာအတွက် ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (SNLD) က တာဝန်ယူဆောင်ရွက်ရန် အစိုးရ၏ ကမ်းလှမ်းမှုအပေါ် ပါတီမူဝါဒနှင့် မကိုက်ညီ၍ လက်ခံဆောင်ရွက်ခြင်း မရှိကြောင်း SNLD ပါတီပြောရေးဆိုခွင့်ရှိသူများက ပြောခဲ့သည်။ (7day) (mmtime) (DVB) (BBC)

UNFC ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်ဖြစ်ပြီး ANC မှ အထွေထွေ အတွင်းရေးမှူးလည်း ဖြစ်သည့် ဦးထွန်းဇော်မှ UNFC နှင့်ပတ်သတ်သည့် အခြေအနေ၊ အကြောင်းအရာများနှင့် ပတ်သတ်သည့် အင်တာဗျူး (BBC) (Irrawaddy)

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လိုင်ဇာမြို့ရှိ ပဒန်ခန်းမ၌ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး အင်ဘန်လ၏ ကျမ်းသစ္စာကျိန်ဆိုခြင်းကို ပြုလုပ်ခဲ့သည်။ KIO ဥက္ကဋ္ဌအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကို ကချင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများ က စုပေါင်း ဆုတောင်းဝတ်ပြုခြင်းများ ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ KIO ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက် ဂုဏ်ပြုခဲ့သည်။ (Mizzima)

ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့အာ ဖမ်းဆီးခြင်း၊ မြောက်ဦးဆေးရုံမှ ဒဏ်ရာရလူနာများအား ဖမ်းဆီးခြင်းတို့အား ရှုတ်ချသည့်အနေဖြင့် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နေ့လည် ၁၂ နာရီမှ ညနေလေးနာရီအထိ ကျောက်တော်မြို့ရှိ သာသနာ့ ဗိမာန်ကို စုရပ်အဖြစ် သတ်မှတ်ပြီး မြို့ပတ်လမ်းလျှောက် ဆန္ဒဖော်ထုတ် သွားမည်ဖြစ်ကြောင်း အဆိုပါ ဆန္ဒပြပွဲကို ဦးဆောင်သူ ဦးကျော်လှမြင့်မှ ပြောခဲ့သည်။ (Nirinijara)

---

## နိုင်ငံတကာဆက်ဆံရေး

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာခုန်ရှွယ်ဟို့၊ တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယညှိနှိုင်းရေးမှူး ဗိုလ်ချုပ်ရှောင်ရှင်မင်တို့ တွေ့ဆုံခဲ့သည်။ မြန်မာ- တရုတ် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်း ဆောင်ရွက်နေမှုများကို မြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သည့် အကူအညီများ ထောက်ပံ့ပေးရန်နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပြဿနာများကို ဖြေရှင်းရာ၌ ဒေသတွင်းနှင့်နိုင်ငံတကာရေးရာများလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန် ထည့်သွင်း ဆွေးနွေးခဲ့သည်။ (Kumudra) (Military)

ဇန်နဂါရီလ ၁၉ ရက်နေ့၊ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဂန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(Korea International Cooperation Agency-KOICA) ဥက္ကဋ္ဌ မစ္စ လီမီဂယောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီတို့အကြား စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစားချေးငွေလုပ်ငန်း စသည့် ကဏ္ဍများတွင်

ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကျား-မ တန်းတူညီမှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်လည်း တက်ရောက်ခဲ့သည်။ (TheLadies) (StOffice)

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နေပြည်တော်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey K. SHOIGU တို့ တွေ့ဆုံခဲ့ပြီး၊ တပ်မတော်နှစ်ရပ် ကြား စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော် (ရေ) နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန် လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်တွေနဲ့ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ မြန်မာ့တပ်မတော်နဲ့ ရုရှားတပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ကာကွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ရုရှားနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Lieutenant General Alexander V. FOMIN တို့မှ မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်။ (Kumudra) (Eleven) (Military)

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ် မြောက်ဦးအဓိကရုဏ်းတွင် ရဲတပ်ဖွဲ့မှ အကြမ်းဖက်နှိမ်နင်းခြင်းကြောင့် လူ ၇ ဦးထိသေဆုံးရသည့် ဖြစ်ရပ်ကို အမြန်ဆုံးစုံစမ်းစစ်ဆေးပေးရန် လူ့အခွင့်အရေးအတွက် အာဆီယံအမတ်များအဖွဲ့ APHR နှင့်၊ Fortify Rights အဖွဲ့တို့က မြန်မာအစိုးရအား တောင်းဆိုခဲ့သည်။ (RFA)

ဇန်နဝါရီ ၂၄ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် ဖွဲ့စည်းပေးထားသည့် နိုင်ငံတကာ အကြံပေးအဖွဲ့မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ဝါရင့် သံတမန်ဟောင်း Bill Richardson မှ ရိုက်တာသတင်းဌာနကို ပြောခဲ့သည်။ Bill Richardson ဘီလ် ရစ်ချတ်ဆင် နုတ်ထွက်ခြင်းနှင့် ပတ်သက်ပြီး ၎င်းသည် လုပ်ပိုင်ခွင့် တာဝန်ထက် ပိုပြီးဆောင်ရွက်လိုစိတ်နှင့် အကြံပေးရမယ့်လုပ်ငန်းထက် ပိုပြီးလုပ်ဖို့ကြိုးစားလာမှုကြောင့် အဆင်မပြေဖြစ်ပြီး နုတ်ထွက်သွားခြင်းဖြစ်သည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Frontier) (RFA)

ဇန်နဝါရီ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ကျင်းပမည့် အာဆီယံ-အိန္ဒိယဆွေးနွေးဘက် ဆက်ဆံရေး (၂၅)နှစ် မြောက် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံက အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တစောင်ထုတ်ပြန် ထားသည်။ (7Day) (StOffice) (StOffice)

ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အမေရိကန် ဝါရင့်သံတမန်ဟောင်းတဦးဖြစ်သူ ဘီလ်ရစ်ချတ်ဆန်အား ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင် အဖြစ်မှ တာဝန်ရပ်စဲလိုက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ (mmtime)

ဇန်နဝါရီလ ၂၅ ရက်နေ့၊ ဒေသစံတော်ချိန် နေ့လည် ၁ နာရီခွဲခန့်တွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင် ဇူယွမ်ဖတ် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။ (TheLadies) (Frontier) (StOffice)

ဇန်နဝါရီလ ၂၅ ရက်နေ့၊ ဒေသစံတော်ချိန် ၁နာရီ ၅၀ မိနစ်ခန့်တွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများ၏ သီးသန့်အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။ (TheLadies) (StOffice)

ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နယူးဒေလီမြို့ သမ္မတ အိမ်တော်အနီးရှိ Rahpath လမ်း ၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို အိန္ဒိယနိုင်ငံ အမျိုးသားနေ့ အခမ်းအနားသို့ အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဒေါ်အောင် ဆန်းစုကြည်နှင့်အတူ ဘရူနိုင်း ဘုရင်၊ အင်ဒိုနီးရှားသမ္မတ၊ ဖိလစ်ပိုင်သမ္မတ၊ စင်ကာပူဝန်ကြီးချုပ်၊ ဗီယက်နမ်ဝန်ကြီးချုပ်၊ ကမ္ဘောဒီး ယားဝန်ကြီးချုပ်၊ လာအိုဝန်ကြီး ချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် မလေးရှားဝန်ကြီးချုပ်တို့ တက်ရောက်ခဲ့သည်။ (7day) (Popular) (VOA) (StOffice)

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် (Rashtrapati Bhavan) ၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယ သမ္မတ မစ္စတာရပ်နက်သ်ကိုဗင့်ဒ်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင် ရွက်နေသည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံ စီမံကိန်းများ အရှိန် အဟုန်မြှင့် ဆောင်ရွက်ရေးကိစ္စ၊ လယ်ယာ စိုက်ပျိုးရေး ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူ ပို့ဆောင်ရေးကဏ္ဍ၊ လူ့စွမ်းအား အရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အိန္ဒိယနိုင်ငံက ပါဝင်ကူညီရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်း ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြော ကြားပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတအနေဖြင့် အဆင်ပြေသည့် အချိန်တွင် မြန်မာ နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။ (MOI)